# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၃၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈-၇-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသာစိန်၊ ကျောက်တော် မဲဆန္ဒနယ်(ကိုယ်စား) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက် ရှိသော မီးရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း သည် မည်သည့်နှစ်တွင် ပြီးဆုံးမည်နှင့် လက်ရှိ ဆောက်လုပ်မှု အခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **မွန်၊ ရခိုင်နှင့်အခြားတိုင်းရင်းသား လူမျိုးတို့၏ သမိုင်းကို စနစ်တကျဖော်ထုတ်ပြုစုခြင်း၊ စုဆောင်းခြင်း၊ သုတေသနပြုခြင်း၊ ထုတ်ဝေခြင်းနှင့် လေ့လာမှတ်သားစေခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယ ဦးစီးမှူး ရာထူးဝင်ခွင့် လျှောက်ထားခြင်းကို ဒေသခံတိုင်းရင်းသား များအား ဦးစားပေးခေါ်ယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **ရဲတပ်ရင်း(၃၁) တည်ဆောက်ခဲ့ရာတွင် လယ်မြေသိမ်းဆည်းခံ လယ်သမားများအတွက် နိုင်ငံတော်မှ လျော်ကြေးငွေ ခွင့်ပြုထားခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်(ကိုယ်စား) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လိုအပ်လျက် ရှိသော အုတ်နှင့်ကျောက်များအတွက် အုတ်ဖုတ်လုပ်ငန်းနှင့် ကျောက်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်(ကိုယ်စား) ဦးစောထွဋ်ခေါင်လွင်၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **နိုင်ငံတော်အလံအပါအဝင် အခြား အထိမ်းအမှတ်အလံများကို တလွဲအသုံးပြုခြင်းနှင့် ပတ်သက်၍ အရေးယူကြပ်မတ်နိုင်ရန် မည်သို့စီစဉ်ထားရှိကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **အရက်ပုန်းဆိုင်များ ပပျောက်ရန်နှင့် အရက်တုများ ပေါများနေခြင်းကို ကာကွယ်တားဆီးရန် မည်သို့ တိုးမြှင့်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **ဝိတိုရိယတောင်(ခေါ်) နတ်မတောင်(ခေါ်) ခေါနူးစုမ်အား နယ်မြေခံတိုင်းရင်းသားတို့၏ မူလအခေါ်အဝေါ်ဖြင့် အဓိပ္ပာယ် မကွဲလွဲစေရန် "ခေါနူးတောင်"ဟု သုံးစွဲခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်က **"အစမ္မပြုကျင့်မှုတိုက်ဖျက်နှိမ်နင်းရေး စီမံချက်တစ်ရပ်ဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်း "** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။